# Information Sheet



VOLUME II, ISSUE 12 — 10 August 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လမ်းညွှန်မှာကြားချက်များ | ၁ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပပြုလုပ် | ၅ |
| ၃ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့်အဖွဲ့ (၂၁) ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံး အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးတက်ရောက် | ၈ |
| ၄ | အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြင်ဆင်ဆောင်ရွက်လျက်ရှိ | ၉ |
| ၅ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန်များ တိုးမြှင့် ဆောင်ရွက်လျက်ရှိ | ၁၀ |
| ၆ | ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ | ၁၁ |
| ၇ | ရပ်စောက်မြို့နှင့် တာချီလိတ်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | PDF အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် ယာယီပြောင်းရွှေ့ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ် | ၁၈ |
| ၉ | ရန်ကုန်တိုင်းဒေသကြီးသို့ ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလ အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၂၀,၀၀၀ ကျော်လာရောက် | ၂၀ |
| ၁၀ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၀ |
| ၁၁ | ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ | ၂၁ |

# Information Sheet

## ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လမ်းညွှန်မှာကြားချက်များ





ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များမှာ–

- ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် လွဲမှားနေသည့်မဲစာရင်းများကို ပြန်လည်ရှင်းလင်းပြီးမှ လွှတ်တော်ခေါ်ယူရန်အတွက် ပြောကြားခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူခဲ့ခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်စတင်ယူချိန်မှစ၍ မဲစာရင်း ပြန်လည်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်အောင် ပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် တာဝန်ရှိသူများကို ထိုက်သင့်သည့်အရေးယူမှုများ ပြုလုပ်ခဲ့။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကာ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။
- နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံး ရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်လို။
- ရှေ့လုပ်ငန်းစဉ်တွင် ဒုတိယအချက်သည် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ခြင်းဖြစ်၊ မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိ







**တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

သော်လည်း ထိုအပေါ်တွင် ကျေနပ်နေ၍မရဘဲ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်။

- ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံရန်လိုအပ်ပြီး လူတစ်ဦးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကို အနည်းဆုံး ၄ ကြိမ် ထိုးနှံနိုင်ပါက ကာကွယ်မှုအတွက် ပိုမိုထိရောက်သည်ကို ဆေးပညာရှင်များ၏ ပြောကြားချက်များအရ သိရှိရ။
- မြန်မာနိုင်ငံတွင် လူဦးရေအားဖြင့် ၅၅ သန်းခန့်ရှိပြီး ၅၀ ရာခိုင်နှုန်းအထက်သည် အလုပ်လုပ်ကိုင်နိုင်ကြသူများဖြစ်၍ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း လုပ်ကိုင်နိုင်သူနှင့် အခွင့်အလမ်းများ များစွာရှိသည်ကို တွေ့ရှိရ။
- လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန် လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန်လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကိုအားပေးဆောင်ရွက်ခြင်းဖြစ်ပြီး နည်းပညာအရ တိုးတက်မှုရှိစေရေး ကောလိပ်များနှင့် တက္ကသိုလ်များတွင် သင်ကြားပေးရမည်ဖြစ်။
- NLD အစိုးရလက်ထက် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့မှု အခြေအနေများကို စိစစ်ကြည့်ရာ ပြည်ပပို့ကုန်များကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၈ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာကျဆင်းလာခဲ့၊ ဆန်သည် အဓိကပို့ကုန်ဖြစ်ပြီး ထုတ်လုပ်မှုများကောင်းမွန်အောင် ဆောင်ရွက်ရန်လို။
- လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့၊ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထားဆောင်ရွက်ပေးကြစေလို။
- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထား။
- အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သည် နိုင်ငံတော်စွမ်းပကားကို မြှင့်တင်ပေးသည့်ကဏ္ဍများဖြစ်။
- ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်ဖြစ်။
- မိမိတို့တွင် နိုင်ငံတော်သာယာဝပြောရေးနှင့် နိုင်ငံတော်စားရေရိက္ခာပေါများရေး အမျိုးသားရေးပန်းတိုင် ၂ ရပ်ရှိရာ ဒုတိယအချက်ဖြစ်သည့် နိုင်ငံတော်စားရေရိက္ခာပေါများရေးနှင့်ပတ်သက်ပြီး မိမိတို့လုပ်နိုင်သည့်အချက်များစွာရှိ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတကာ



**တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

နှင့်ယှဉ်ပါက နည်းနေသေးသဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လို။

- ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှုအပြည့်အဝ ရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထား။
- စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိရာ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့် ထွက်မည်ဟု ခန့်မှန်းထားပြီး ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧက ပျမ်းမျှတင်း ၈၀ ခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်းခန့်ပိုမိုထွက်ရှိလာမည်ဖြစ်။
- နွေစပါးကို တစ်ဧက တင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့် တစ်ဧက ၉၅ တင်းခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့်ပိုမို ထွက်ရှိလာမည်ဖြစ်ကာ နွေးစပါး၊ မိုးစပါးနှစ်ခု ပေါင်းပါက စပါးတင်း စုစုပေါင်း ၉၀ သန်းခန့် ပိုမိုလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်၊ အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများ ရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်။
- မွေးမြူရေးနှင့်ပတ်သက်၍ အသားစား ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည်ဖြစ်ပြီး ဝန်ကြီးချုပ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလုံးကိုလွှမ်းခြုံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြရန်လို၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်။
- စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေရသဖြင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လို၊ ပြည်တွင်းတွင် အထိုက်အလျောက် ရေနံထွက်ရှိပြီး အချို့ဒေသများရှိ တွင်းတိမ်ရေနံတူးဖော်ထုတ်လုပ်မှုများ စနစ်တကျဖြစ်ရန်လို၊ ရေနံထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းပြည်အတွက် အကျိုးရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လို။
- ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ၊ စီမံကိန်းများဆောင်ရွက်သွားကြရန်လို၊ လျှပ်စစ်ဓာတ်အား ရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ပြီး တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်။
- ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ကစပြီး ဂရုတစိုက်ဆောင်ရွက်ကြရန်၊ လက်အောက်အဆင့်ဆင့်ကိုလည်း တွန်းအားပေးကြပ်မတ်ဆောင်






**တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

ရွက်သွားရန်နှင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်သွားကြရန်လို။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၈-၂၀၂၂)**

- **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကာ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။**
- **နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံး ရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်လို။**
- **လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန်လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန် လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကို အားပေးဆောင်ရွက်ခြင်းဖြစ်ပြီး နည်းပညာအရ တိုးတက်မှုရှိစေရေး ကောလိပ်များနှင့် တက္ကသိုလ်များတွင် သင်ကြားပေးရမည်ဖြစ်။**
- **NLD အစိုးရလက်ထက် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့မှု အခြေအနေများကို စိစစ်ကြည့်ရာ ပြည်ပပို့ကုန်များ ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၈ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာကျဆင်းလာခဲ့။**
- **လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့။**



- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထား။
- ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှုအပြည့်အဝ ရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထား။
- ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမည်ဖြစ်။
- လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ပြီး တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်။
- ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ကစပြီး ဂရုတစိုက်ဆောင်ရွက်ကြရန်၊ လက်အောက်အဆင့်ဆင့်ကိုလည်း တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်သွားကြရန်လို။

## ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပပြုလုပ်

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ဩဂုတ်လ ၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဒေသ၏အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအခြေအနေများ၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်





ငြိမ်အေးချမ်းမှုများရရှိရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က-

- တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာဖူလုံရေးသည် အရေးကြီးသောကြောင့် စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ်နွေစပါး စိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- အဆိုပါစိုက်ဧကများမှ ထွက်ရှိလာသည့် စပါးများနှင့် ပဲတီစိမ်းများကို နိုင်ငံတော်အစိုးရမှ ဦးစီး၍ ပြည်ပသို့ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးနှင့် ပဲများ ထွက်ရှိမှုအပေါ် မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့် ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၂)**

- **ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ဩဂုတ်လ ၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာဖူလုံရေးသည် အရေးကြီးသောကြောင့် စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လို။**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး
ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်
ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်
ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ရှင်းလင်းတင်ပြနေမှု

- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ်နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော် အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် မြေသြဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရှင်းလင်းတင်ပြနေမှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ရှင်းလင်းတင်ပြနေမှု

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့်အဖွဲ့ (၂၁) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံး အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးတက်ရောက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီး H.E. Pham Thi Thanh Tra ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံနှင့်အပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းအကြီးအကဲများအစည်းအဝေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးများတွင်-

- အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၂၁ -၂၀၂၅) နှင့် အာဆီယံအပေါင်းသုံးနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅)အောက်၌ သက်ဆိုင်ရာ အာဆီယံနိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၏ အခြေအနေအပေါ် ဆွေးနွေးအတည်ပြုခြင်း။
- အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်း။




- အာဆီယံမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဩစတြေးလျနိုင်ငံ Australian Public Service Commission(APSC)နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဟန္နိုင်းမြို့ရှိ Vietnam Museum of Ethnology သို့ လေ့လာရေးခရီးသွားရောက်ခြင်း၊ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံ့ဝန်ထမ်းအကြီးအကဲများသည်လည်း ဗီယက်နမ်နိုင်ငံအစိုးရအဖွဲ့ Deputy Prime Minister H.E. Pham Binh Minh ကို သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၇ ရက်တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၈-၂၀၂၂)**

- **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီး H.E. Pham Thi Thanh Tra ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများ အစည်းအဝေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာဖိုရမ်တို့သို့ တက်ရောက်ခဲ့။**

---

## အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် ကျင်းပဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်ရာ လာမည့်ရွေးကောက်ပွဲများတွင် ယခင်ရွေးကောက်ပွဲများ၌ ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ၄ ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်



အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီး အရာရှိများ တတ်အပ်သည့် ရုံးလုပ်ငန်းဆိုင်ရာများ၊ ဝန်ထမ်း ကျင့်ဝတ်များကို သိရှိစေရန် လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၄/၂၀၂၂) ကို ဩဂုတ်လ ၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အဆိုပါသင် တန်းတွင် PR စနစ်နှင့်ပတ်သက်၍ ပို့ချပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစေရန်၊ ဘက် လိုက်မှုကင်းရန်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ ကို မဖြစ်မနေလိုက်နာပြီး သေချာဖတ်ရှုလေ့လာကာ နိုင်ငံ့ဝန် ထမ်းတစ်ယောက်အနေနှင့်သာမက နိုင်ငံသားတစ်ယောက် အနေနှင့်ပါ လိုက်နာဆောင်ရွက်သွားကြရေး အသိရှိစေရန် မှာကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၈-၂၀၂၂)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ရွေးကောက်ပွဲများတွင် ယခင်ရွေးကောက်ပွဲများ၌ ကျင့်သုံး ခဲ့သည့် မဲများသူအနိုင်ရ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ၄ ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့် ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ တတ်အပ်သည့် ရုံးလုပ်ငန်းဆိုင်ရာများ၊ ဝန်ထမ်းကျင့်ဝတ် များကို သိရှိစေရန် လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၄/၂၀၂၂) ကို ဩဂုတ်လ ၈ ရက်မှ ၁၉ ရက် အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ။**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူ စဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန် ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၉ ရက်အထိ ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အမေရိကန် ဒေါ်လာ ၃၃၂ ဒသမ ၄၁၁ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၄၁၉,၁၂၀ ဒသမ ၃၀၉ တန်၊ နယ်စပ်ကုန်သွယ်ရေးများမှ အမေရိကန်ဒေါ်လာ ၉၄ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁၃၉,၅၇၉ ဒသမ ၉၆၇ တန် စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၂၆ ဒသမ ၄၁၁ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၅၅၈,၇၀၀ ဒသမ ၂၇၆ တန် တင်ပို့နိုင်ခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးတန်ချိန် ၃၃,၂၈၈ ဒသမ ၈၁၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၀၈၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးတန်ချိန် ၄၇,၀၄၅ ဒသမ



၆၀၅ တန်တင်ပို့ပြီး အမေရိ ကန်ဒေါ်လာ ၄၃ ဒသမ ၄၉၅ သန်းရရှိသည့်အတွက် ပြည်ပသို့ ငါးတန်ချိန်စုစုပေါင်း ၈၀,၃၃၄ ဒသမ ၄၂၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၅၈၄ သန်းရရှိခဲ့။

- ယခုနှစ် ကော်ဖီရာသီသိမ်းချိန်ဖြစ်သည့် ဧပြီလမှ ဩဂုတ်လ ၈ ရက်အထိ လေးလကျော်ကာလအတွင်း ပြည်ပသို့ ကော်ဖီတန်ချိန် ၆၀၀ ကျော်တင်ပို့ထားပြီး ယခင်နှစ် ကာလတူထက် ဈေးကောင်းရရှိကာ ဝယ်လိုအားများလျက်ရှိ။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ၂၄၃,၅၂၉ ဒသမ ၆၅၆ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၄၀၃ သန်းရရှိခဲ့ကြောင်း၊ လက်ရှိတွင် ပြည်ပသို့တင်ပို့သည့် မြန်မာ့အထူးတန်းဝင်ကော်ဖီ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၇,၀၀၀ မှ ၈,၀၀၀ အထိ ဈေးနှုန်းရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၂၉ ရက်အထိ ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၄၁၁ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၅၅၈,၇၀၀ ဒသမ ၂၇၆ တန် တင်ပို့ခဲ့။**
- **၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ပြည်ပနိုင်ငံများသို့ ငါးတန်ချိန်စုစုပေါင်း ၈၀,၃၃၄ ဒသမ ၄၂၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၅၈၄ သန်း ရရှိခဲ့။**
- **ယခုနှစ် ကော်ဖီရာသီသိမ်းချိန်ဖြစ်သည့် ဧပြီလမှ ဩဂုတ်လ ၈ ရက်အထိ လေးလကျော်ကာလအတွင်း ပြည်ပသို့ ကော်ဖီတန်ချိန် ၆၀၀ ကျော်တင်ပို့ထားပြီး ယခင်နှစ် ကာလတူထက် ဈေးကောင်းရရှိကာ ဝယ်လိုအားများလျက်ရှိ။**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပန်းခင်းစီမံချက်အား ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်မှ မဲဆန္ဒရှင် ၃.၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၃၁-၇-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးပြီးစီးမှု အခြေအနေများမှာ-




**ဒိုက်ဦးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့မှု**

| မွေးရာပါနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | |
|---|---|---|---|---|---|
| အိမ်ထောင်စုလူဦးရေစာရင်း | | | ကိုင်ဆောင်လက်မှတ် | | |
| တရားဝင် အထစ | M အထစ | ပေါင်း | နိုင် ၃ (က) | နိုင် ၆(က) | ပေါင်း |
| ၃၉၃,၃၄၁ | ၂၂,၇၈၆ | ၄၁၆,၁၂၇ | ၆၀၅,၉၈၂ | ၂,၆၅၁,၀၅၅ | ၃,၂၅၇,၀၃၇ |

| ဧည့်နိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | | |
|---|---|---|---|---|---|---|
| ကိုင်ဆောင်လက်မှတ် | | | | | | |
| ၁၀ နှစ်ပြည့် | | | ၁၈ နှစ်ပြည့် | | | ပေါင်း |
| နိုင် ၃(က) | ဧည့် ၈(က) | ပြု ၁၀(က) | နိုင် ၆(က) | ဧည့် ၄(က) | ပြု ၆(က) | |
| ၁၃,၈၃၄ | ၁၇ | ၃၁၅ | ၆၆,၃၂၄ | ၉၁ | ၂,၅၁၂ | ၈၃,၀၉၃ |

မှတ်ချက်။ နိုင်၃(က)၊ ဧည့်၈(က)၊ ပြု၁၀(က)= ၁၀နှစ်ပြည့်နိုင်/ဧည့်/ပြု

နိုင်၆(က)၊ ဧည့်၄(က)၊ ပြု၆(က) =၁၈နှစ်ပြည့်နိုင်/ဧည့်/ပြု

တရားဝင် အထစ=တရားဝင်အိမ်ထောင်စုစာရင်း

M အထစ=ရွှေ့ပြောင်းအိမ်ထောင်စုလူဦးရေစာရင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းကတ်ပြားစုစုပေါင်း ၄၂၁,၆၁၄ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (ကိုင်ဆောင်လက်မှတ်) စုစုပေါင်း ၃,၃၄၀,၁၃၀ ခုထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ “ပန်းခင်း” စီမံချက် အောင်မြင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၉-၈-၂၀၂၂)**

- **တိုင်းဒေသကြီး/ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၃၁-၇-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းကတ်ပြားစုစုပေါင်း ၄၂၁,၆၁၄ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (ကိုင်ဆောင်လက်မှတ်) စုစုပေါင်း ၃,၃၄၀,၁၃၀ ခု ထုတ်ပေးခဲ့ပြီးဖြစ်။**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



မကွေးမြို့



ကျောက်ဖြူမြို့



သိန္နီမြို့



နမ္မတူမြို့



လားရှိုးမြို့



ဝမြို့

# ရပ်စောက်မြို့နှင့် တာချီလိတ်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တို့၌ ဩဂုတ်လ ၇ ရက် ညနေပိုင်းတွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်စောက်မြို့ရှိ ဇော်ဂျီချောင်းနှင့် တာချီလိတ်မြို့တွင်းနေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ရေကြီးရေလျှံမှုဖြစ်ပွားသောနေရာများ၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး ရေဘေးသင့် ပြည်သူများအား မြို့နယ်အားကစားခန်းမသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ လူသွားလမ်းများပေါ်တွင် ပြိုကျနေသောမြေသားများနှင့် ပိတ်ဆို့နေသောအတားအဆီးများကို စက်ယန္တရားများအကူအညီဖြင့် အချိန်မီဖယ်ရှားပေးခြင်းနှင့် အရေးပေါ်ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးအတွက် အသက်ကယ်လှေများ အရန်အသင့်စောင့်ဆိုင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများက ရပ်စောက်မြို့ရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၄၃ စုတို့အတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၈-၂၀၂၂)**

- **ရေကြီးရေလျှံမှုဖြစ်ပွားသောနေရာများ၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေဘေးသင့်ပြည်သူများအား မြို့နယ်အားကစားခန်းမသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ လူသွားလမ်းများပေါ်တွင် ပြိုကျနေသောမြေသားများနှင့် ပိတ်ဆို့နေသောအတားအဆီးများကို စက်ယန္တရားများအကူအညီဖြင့် အချိန်မီဖယ်ရှားပေးခြင်းနှင့် အရေးပေါ်ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးအတွက် အသက်ကယ်လှေများ အရန်အသင့် စောင့်ဆိုင်းခြင်းများ ဆောင်ရွက်ပေးခဲ့။**
- **သက်ဆိုင်ရာတာဝန်ရှိသူများက ရပ်စောက်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၄၃ စုတို့အတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့။**

## ရပ်စောက်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













## တာချီလိတ်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













ရပ်စောက်မြို့နှင့် တာချီလိတ်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး
လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













# PDF အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် ယာယီပြောင်းရွှေ့ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စု ၇၂ စုတို့ အတွက် ဆန်၊ ဆီနှင့် အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းကို ဩဂုတ်လ ၉ ရက်တွင် အဆိုပါကျောင်းတိုက်ရှိသော ဓမ္မာရုံ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာယီပြောင်းရွှေ့ရောက်ရှိလာသော ပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

နယ်မြေခံဆေးတပ်ရင်းမှ တပ်မတော်ဆေးအဖွဲ့များက ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အကြမ်းဖက်သမားများသည် ငါနှင့်မတူ ငါ့ရန်သူ အယူအဆဖြင့် ၎င်းတို့ကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ဆက်ကြေးမပေးသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် တရားဥပဒေမဲ့ အကြမ်းဖက်လုပ်ဆောင်ခြင်းများကြောင့် တည်ငြိမ်အေးချမ်းမှုလိုလားသည့် ပြည်သူများက မိမိတို့ကျေးရွာများကို စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ဒုက္ခရောက်နေသူများကိုလည်း ထောက်ပံ့မှုများ အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၂)**

- **အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စု ၇၂ စု တို့အတွက် ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့။**

**PDF အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် ယာယီပြောင်းရွှေ့ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**













## ရန်ကုန်တိုင်းဒေသကြီးသို့ ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၂၀,၀၀၀ ကျော်လာရောက်

ရန်ကုန်တိုင်းဒေသကြီးသို့ ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း နိုင်ငံပေါင်း ၆၄ နိုင်ငံမှ နိုင်ငံခြားခရီးသွားဧည့်သည် ၂၀,၀၀၀ ကျော်ဝင်ရောက်ခဲ့ပါသည်။ အဆိုပါနိုင်ငံခြားခရီးသွားဧည့်သည်များသည် Business Visa ဖြင့် လာရောက်သူ ၁၂,၉၄၄ ဦး၊ သံတမန်နှင့် Official Visa ဖြင့် လာရောက်သူ ၉၆၂ ဦး၊ Visa ဖြင့် လာရောက်သူ ၅,၉၂၈ ဦးနှင့် Tourist Visa ဖြင့် လာရောက်သူ ၂,၄၀၇ ဦး စုစုပေါင်း ၂၂,၂၄၁ ဦးတို့ဖြစ်ပါသည်။ နိုင်ငံခြားခရီးသွားဧည့်သည်လာရောက်မှုအနေဖြင့် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများကို ဧပြီလ ၁၇ ရက်မှစ၍ ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ e-Visa (Tourist) အမျိုးအစား လျှောက်ထားခြင်းကို မေလ ၂၀ ရက်တွင် တိုးမြှင့်ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ လာရောက်နိုင်ရန် Online-Visa (Business) လျှောက်ထားမှုကို ဧပြီလ ၁ ရက်မှစ၍ ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၂)**

- **ရန်ကုန်တိုင်းဒေသကြီးသို့ လေးလတာကာလအတွင်း နိုင်ငံပေါင်း ၆၄ နိုင်ငံမှ နိုင်ငံခြားခရီးသွားဧည့်သည် ၂၀,၀၀၀ ကျော်ဝင်ရောက်ခဲ့ပြီး တရုတ်နှင့် ထိုင်း နိုင်ငံတို့မှ အများဆုံးဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများကို ဧပြီလ ၁၇ ရက်မှ စ၍လည်းကောင်း၊ e-Visa (Tourist) အမျိုးအစားလျှောက်ထားခြင်းကို မေလ ၂၀ ရက်တွင်လည်းကောင်း၊ Online-Visa (Business) လျှောက်ထားမှုကို ဧပြီလ ၁ ရက်မှစ၍လည်းကောင်း ပြန်လည်ခွင့်ပြုဆောင်ရွက်ခဲ့။**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဩဂုတ်လ ၃ ရက်မှ ဩဂုတ်လ ၉ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၉ ရက်ထိ စုစုပေါင်း ၇၆၉ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၈-၂၀၂၂)**

- **ဩဂုတ်လ ၃ ရက်မှ ဩဂုတ်လ ၉ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၉ ရက်ထိ စုစုပေါင်း ၇၆၉ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

# ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလိုအား တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့မှု**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၁၃၂.၄၂၇ ကီလို၊ ဘိန်းဖြူ ၂၀၀.၉၉၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅,၉၀၆,၃၄၂ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀.၀၁၂ ကီလို၊ အိုက်စ် ၁,၂၆၀.၅၈၃ ကီလို၊ ဆေးခြောက် ၁၃၂.၀၇၀ ကီလို၊ ဘိန်းဆီခဲ ၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၄၆၅ ကီလို၊ ဘိန်းစာရွက် ၆၆.၄၂၃ ကီလို၊ ဘိန်းစာမှုန့် ၃၅၅.၉၈ ကီလို၊ ဘိန်းစာရည် ၈.၂၅ လီတာ၊ အက်တက်စီဆေးပြား ၄,၄၈၆ ပြား၊ အက်တက်စီဆေးပြားအကြေ ၀.၀၈ ကီလို၊ ကတ်တမင်း ၁.၂၃၁ ကီလို၊ Happy Water ၁.၄၀၄ ကီလို၊ ကဖင်း ၁,၅၀၀ ကီလို၊ Sodium Acetate ၇,၁၇၅ ကီလို၊ အမိုနီယမ်နိုက်ထရိတ် ၁၁၂,၇၄၀ ကီလို၊ အရိုးမီးသွေး ၄၀၀ ကီလို၊ Sodium Chloride ၃၈၀ ကီလို၊ Sodium Carbonate ၆,၇၅၀ ကီလို၊ Potassium Sulfate ၂,၄၀၀ ကီလို၊ Copper Sulfate ၂,၀၀၀ ကီလို၊ Theophylline ၁၄,၅၀၀ ကီလိုနှင့် ဆက်စပ်ကိရိယာ(မိုလ်) ၆၀ ချောင်း စုစုပေါင်းတန်ဖိုးငွေကျပ် သန်းပေါင်း ၆၄,၆၄၃.၄၅၅ (US$ ၃၄ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၇၇၈ ဦး၊ အမျိုးသမီး ၁၃၃ ဦး၊ စုစုပေါင်းတရားခံ ၉၁၁ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၉-၈-၂၀၂၂)**

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉၃ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



သိန္နီမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြားများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၇ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)နှင့် ဘိန်းဖြူများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် ဘိန်းစိမ်းများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု

- ဇူလိုင်လအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၆၄,၆၄၃.၄၅၅ (US$ ၃၄ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၉၁၁ ဦးအား ဖမ်းဆီးရမိခဲ့။